အင်တာနက်နဲ့ ချိတ်ဆက်ထားတဲ့
ဘယ် Webcam မဆို ဟက်ကာတွေက
အလွယ်တကူချိတ်ဆက်အသုံးပြုနိုင်ပါတယ်။
သင့်ရဲ့ Webcam ကို အသုံးမပြုချိန်မှာ ဖုံးအုပ်
ကာကွယ်ထားမှသာလျှင် Webcam မှ
တစ်ဆင့် ထောက်လှမ်းပြီး
အချက်အလက်ရယူခြင်းတွေကို ကာကွယ်နိုင်မှာ
ဖြစ်ပါတယ်။



Video call ခေါ်ဆို နေချိန်မှာ သင့်ရဲ့ ကိုယ်ရေး
ကိုယ်တာအချက်အလက်တွေ၊အရေးကြီးတဲ့
အလုပ်ဖိုင်တွေ ဒါမှ မဟုတ်client
အချက်အလက်တွေ ပေါက်ကြားခြင်းမှ
ကာကွယ်ဖို့အတွက် video call နောက်ခံ
background
တွေကို မှုန်ဝါးထားဖို့လိုပါတယ်။


# အွန်လိုင်းအစည်းအဝေးပွဲတွေကို လုံခြုံစိတ်ချရစေဖို့ လုပ်ဆောင်သင့်တဲ့ နည်းလမ်းကောင်းများ

ဖိုင်တွေနဲ့ အရေးကြီးတဲ့ စီးပွားရေး
အချက်အလက်တွေကိုမက်ဆေ့ဂျ်
ပေးပို့ခြင်း ဒါမှ မဟုတ် ဗီဒီယို
ကွန်ဖရင့်ပလပ်ဖောင်းတွေကတစ်ဆင့်
မျှဝေခြင်းမှ ရှောင်ကြဉ်ပါ။
အီးမေးလ်နှင့် cloud ဆော့ဖ်ဝဲများမှ
တစ်ဆင့်မျှဝေခြင်းကိုသာ
ရွေးချယ်လုပ်ဆောင်ပါ။




မက်ဆေ့ဂျ်ပေးပို့နိုင်တဲ့ ပလပ်ဖောင်းတွေမှာ
ဗီဒီယိုကွန်ဖရင့်လင့်ခ်တွေ ဒါမှမဟုတ်
အစည်းအဝေးဖိတ်ကြားချက်တွေကို
မမျှဝေပါနဲ့ ၊အီးမေးလ်လိုမျိုး
လုံခြုံစိတ်ချရတဲ့ ချန်နယ်တွေက တစ်ဆင့်
ယုံကြည်စိတ်ချရတဲ့ သူတွေဆီသို့သာ ပေးပို့ပါ။

သင့်ရဲ့ အွန်လိုင်း အစည်းအဝေးတွေကို
password ဖြင့်သာဝင်ရောက်ခွင့်ပြုပါ။
ဒီလိုလုပ်ဆောင်ခြင်းကြောင့်
မသမာသူတွေကိုအစည်းအဝေးမှ
တစ်ဆင့် အရေးကြီးတဲ့ အချက်အလက်တွေကို
ခိုးယူခြင်းကို ပိုမိုခက်ခဲသွားစေမှာ ဖြစ်ပါတယ်။



အွန်လိုင်းအစည်းအဝေးကို
တက်ရောက်လာသူတွေနဲ့
ပတ်သက်ပြီး စိစစ်နိုင်ဖို့အတွက် waiting room
တစ်ခု ပြုလုပ်ထားပါ။

# ဆိုက်ဘာ လုံခြုံရေး အခြေခံ


## ရှောင်ရန်

USB များ၊ အများသုံးကွန်ပျူတာများ
သို့မဟုတ် အများသုံးဝိုင်ဖိုင်များကို အသုံးပြုခြင်း




## ဆောင်ရန်

လုပ်ငန်းဆိုင်ရာနဲ့ကိုယ်ရေးကိုယ်တာသုံးစွဲမှုများအတွက်
passwordများကို သီးခြားစီထားပါ၊ မိမိသတ်မှတ်ထားသော
password တွေဟာ အနည်းဆုံး (၁၆) လုံးရှိပါစေ




## ရှောင်ရန်

ငွေကြေးအသွားအလာကို အတည်ပြုရန် အသိပေးအကြောင်းကြားမှု မခံရသေးမီ
သက်ဆိုင်ရာ ဘဏ္ဍာရေး သို့မဟုတ် ပုဂ္ဂိုလ်ရေးအချက်အလက်တွေကို
အီးမေးလ်ကတဆင့် ပေးပို့ခြင်း



## ဆောင်ရန်

သုံးစွဲနေသည့် device များတွင် software များကို
အပတ်စဉ် ပုံမှန် update လုပ်ပေးပါ




## ရှောင်ရန်

မည်သူမည်ဝါဖြစ်ကြောင်း အတည်မပြုနိုင်သော ပေးပို့သူတွေရဲ့
အီးမေးလ်များမှ လင့်ခ် နှင့် ပူးတွဲဖိုင်များကို ဝင်ရောက်ကြည့်ရှုခြင်း



## ဆောင်ရန်

အဆင့်များစွာခံထားသော အတည်ပြုစနစ်
(multi-factor authentication)ကို တတ်နိုင်သမျှ အသုံးပြုပါ

